## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ စာရင်းစစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ပြင်ပစာရင်းစစ်မှ စစ်ဆေးအတည်ပြုပြီးဖြစ်သည့် ဘဏ္ဍာရေးရှင်းတမ်းကို ဆွေးနွေးသုံးသပ်ထားခြင်းဖြစ်ပါသည်။ ယခုဖော်ပြချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ နှစ်ပတ်လည်အစီရင်ခံစာတွင်ဖော်ပြထားသည့် ဘဏ္ဍာရေးရှင်းတမ်းဆိုင်ရာ ညွှန်းကိန်းများနှင့်စပ်လျဉ်း၍ စာမျက်နှာ (၅၈) မှ စတင်ဖော်ပြထားသည့် မှတ်စုများနှင့် ဆက်စပ်လေ့လာနိုင်ပါသည်။

### ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေဖော်ပြချက်

TMH ကုမ္ပဏီအား ၂၀၀၇ ခုနှစ်တွင် အများနှင့်မသက်ဆိုင်သောပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ရပ်အဖြစ် စတင်ဖွဲ့စည်းခဲ့ပြီးမှ ၂၀၁၆ ခုနှစ်တွင် အများပိုင်ကုမ္ပဏီတစ်ခုအဖြစ်သို့ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် ကျွန်ုပ်တို့၏ အမြတ်ငွေတိုးတက်မှုရှိခဲ့သော်လည်း၊ ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ တွင် ရင်းနှီးငွေတိုးမြှင့်ခဲ့သောကြောင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ ပိုင်ဆိုင်ခွင့်အပေါ်ပြန်ရနှုန်း (Return on Equity) ကျဆင်းခဲ့ရပါသည်။ နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ယခုနှုန်းထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ပါသည်။

### အမြတ်ရရှိမှုအခြေအနေ

| (ကျပ်သန်းပေါင်း) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|
| အသားတင်အမြတ် (အခွန်မနုတ်မီ) | ၂,၃၇၆.၀၂ | ၁,၈၃၇.၉၉ |
| အသားတင်အမြတ် (အခွန်နုတ်ပြီး) | ၁,၆၈၀.၁၁ | ၁,၃၇၈.၄၉ |
| အစုရှယ်ယာရှင်များပိုင်ဆိုင်ခွင့်အပေါ်ပြန်ရနှုန်း (Return on Equity) | ၉.၃၁% | ၁၁.၅၅% |

Address : No. 54, Eastern Business Centre,Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar

Phone : +951 8550348, +951 8550936

Website: www.tmhtelecom.com

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ရလဒ်အပေါ်ရှင်းလင်းချက်

ကုမ္ပဏီ၏ (အခွန်မနှုတ်မီ) အမြတ်ငွေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်ကျပ်သန်းပေါင်း ၁,၈၃၇.၉၉ ရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်ကျပ်သန်းပေါင်း ၂,၃၇၆.၀၂ ရှိလာရာ ၂၉% တိုးတက်လာခြင်းဖြစ်ပါသည်။ အခွန်နှုတ်ပြီးအမြတ်ငွေသည်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁,၃၇၈.၄၉ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁,၆၈၀.၁၁ ဖြင့် ၂၂% တိုးတက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရင်းနှီးငွေတိုးမြှင့်ခဲ့သောကြောင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာရှင်တို့ပိုင်ဆိုင်ခွင့်အပေါ်ပြန်ရနှုန်း (Return on Equity) ၉.၃၁% သို့ကျဆင်းခဲ့ပါသည်။ စုစုပေါင်းဝင်ငွေအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၉,၄၆၆.၀၈ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၉,၉၄၀.၄၂ ရှိလာရာ ၅% တိုးတက်ခဲ့ပါသည်။

## ငွေဖြစ်လွယ်မှုအခြေအနေနှင့် အရင်းအနှီးငွေရလမ်းဖော်ပြချက်

ကျွန်ုပ်တို့ကုမ္ပဏီ၏ရင်းနှီးငွေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်ကျပ်သန်းပေါင်း ၉,၃၄၇.၈၀ ရှိခဲ့ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁၂,၂၁၂.၉၁ သို့ တိုးတက်ပြောင်းလဲခဲ့ပါသည်။ ထိုသို့ရင်းနှီးငွေတိုးမြှင့်မှုကြောင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာရှင်တို့ပိုင်ဆိုင်ခွင့်အပေါ်ပြန်ရနှုန်း (Return on Equity) သည် အနည်းငယ် လျော့ကျခဲ့သော်လည်း၊ နောင်လာမည့်နှစ်များတွင် အမြတ်ငွေတိုးတက်ရရှိပြီး အဆိုပါနှုန်းလည်း ပိုမိုတိုးတက်ကောင်းမွန်လာရန်မျှော်လင့်ပါသည်။

၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက် နှင့် ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်တို့တွင် ကုန်ဆုံးသောဘဏ္ဍာနှစ်အသီးသီးတို့ရှိ ကျွန်ုပ်တို့ကုမ္ပဏီ၏ရင်းနှီးငွေကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

| (ကျပ်သန်းပေါင်း) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|
| ပေးသွင်းပြီးမတည်ငွေရင်း (Paid up capital) | ၁၂,၂၁၂.၉၁ | ၉,၃၄၇.၈၀ |
| အစုရှယ်ယာပရီမီယံ/အပိုကြေး (Share premium) | ၂,၃၄၆.၈၉ | ၁၄၃.၉၀ |
| မခွဲဝေသောအမြတ်ငွေများ (Retained Profits) | ၃,၄၉၀.၀၂ | ၂,၄၄၃.၂၄ |

**ဘဏ္ဍာရေးအခြေအနေပြအဓိကအချိုးများ (Key Ratio)**

| | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|
| ငွေပေါ်လွယ်မှုအချိုး (Liquidity ratio) | ၈၃၂.၄၂% | ၃၁၈.၆၁% |
| စရိတ်နှင့်ဝင်ငွေအချိုး (Cost to income ratio) | ၄၃.၈၅% | ၆၄.၃၆% |
| ကြွေးမြီ ပြန်လည်ပေးဆပ်နိုင်စွမ်းအချိုး (Solvency ratio) | ၉၇.၆၀% | ၂၅.၁၄% |

ကျွန်ုပ်တို့ကုမ္ပဏီ၏ ငွေဖြစ်လွယ်မှု တိုးလာသည့်အခြေအနေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တို့၌ လက်ငင်းရရန်ပိုင်ခွင့်ကျပ်သန်းပေါင်း ၁၄,၈၉၂ သန်းနှင့် ကျပ်သန်းပေါင်း ၁၄,၈၀၄ သန်း အသီးသီးဖြင့် လည်းကောင်း၊ လက်ငင်းပေးရန်တာဝန်များ ကျပ်သန်းပေါင်း ၄,၆၄၆ သန်းနှင့် ကျပ်သန်းပေါင်း ၁,၇၈၉ သန်းအသီးသီးဖြစ်သောကြောင့် ဖြစ်ပါသည်။

စရိတ်နှင့်ဝင်ငွေအချိုးသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆၄.၃၆% မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၃.၈၅% ရှိလာရာ၊ ၂၀.၅၁% လျှော့သွားခြင်းဖြစ်ပြီး အကြောင်းရင်းမှာ မလိုလားအပ်သော အသုံးစရိတ်များ လျှော့ချလိုက်နိုင်သောကြောင့် ဖြစ်ပါသည်။

**အခွန်ပေးဆောင်မှု (ကျပ်သန်းပေါင်း)**

| ဘဏ္ဍာနှစ် | အခွန် |
|---|---|
| ၂၀၁၆-၂၀၁၇ | ၄၅၉.၅၀ |
| ၂၀၁၇-၂၀၁၈ | ၄၇၅.၂၀ |
| စုစုပေါင်း | ၉၃၄.၇၀ |

## အမြတ်ငွေနှင့်အမြတ်ခွန် (ဘဏ္ဍာနှစ်အလိုက်)

| (ကျပ်သန်းပေါင်း) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|
| အမြတ်ငွေ | ၁,၆၈၀.၁၁ | ၁,၃၇၈.၄၉ |
| ဝင်ငွေခွန် | ၄၇၅.၂၀ | ၄၅၉.၅၀ |

## ဝင်ငွေနှင့်အသုံးစရိတ်

| (ကျပ်သန်းပေါင်း) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် |
|---|---|---|
| ဝင်ငွေ | ၁၀,၀၅၁.၄၉ | ၁၀,၃၇၉.၀၉ |
| အသုံးစရိတ် | ၇,၆၇၅.၄၇ | ၈,၅၄၁.၁၀ |
| အခွန်မနှုတ်မီ အမြတ် | ၂,၃၇၆.၀၂ | ၁,၈၃၇.၉၉ |

**နိဂုံး**

ကျွန်ုပ်တို့ကုမ္ပဏီသည် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍများတွင် တည်မြဲသော လုပ်ငန်းစွမ်းဆောင်ရည်များနှင့်ပတ်သက်၍ အတွေ့အကြုံများစွာရှိခဲ့ပြီးဖြစ်သည့်အပြင် ခိုင်မာသော ပြည်တွင်းကုမ္ပဏီတစ်ခုအနေဖြင့် ရပ်တည်လျက်ရှိပါပြီး ယခုအခါ ရန်ကုန်စတော့အိပ်ချိန်းတွင်လည်း စာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့ပြီဖြစ်ပါသည်။ ဘဏ္ဍာရေးအစီရင်ခံစာတွင်ဖော်ပြချက်အရ ကုမ္ပဏီသည် ဝင်ငွေနှင့် အမြတ်နှစ်မျိုးလုံးတွင် တိုးတက်မှုရှိလာသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အဆိုပါ တိုးတက်မှုအခြေအနေသည် ငွေဖြည့်ကဒ်လုပ်ငန်းများတိုးချဲ့ခြင်းနှင့် ဆက်သွယ်ရေးအော်ပရေတာ အသစ်ဖြစ်သော Mytel နှင့် China Unicom အစရှိသည့် ဖောက်သည်အသစ်များ တိုးပွားလာခြင်း၏ ရလဒ်ပင်ဖြစ်ပါသည်။

Address : No. 54, Eastern Business Centre,Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar

Phone : +951 8550348, +951 8550936

Website: www.tmhtelecom.com

**အနာဂတ်မျှော်မှန်းချက်**

နောင်အနာဂတ်တွင် နည်းပညာသစ်များနှင့်အတွေ့အကြုံကောင်းများမှ ရရှိသော ပြည်ပနိုင်ငံများမှ ခိုင်မာသောကုမ္ပဏီများနှင့်ပူးပေါင်း၍ ရေရှည်ရင်းနှီးမြှုပ်နှံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် အခွင့်အလမ်းများအပြင် ခေတ်မှီနည်းပညာသစ်များကို ပံ့ပိုးနိုင်ရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

မန်နေဂျင်းဒါရိုက်တာ

ရက်စွဲ ၂၀၁၈ခုနှစ် ၊ ဇူလိုင်လ (၆)ရက်။